# နယ်စပ်ဝင်ထွက်ဂိတ်များမှ တစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွားများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၁၅-၆-၂၀၂၂)

၁။ နယ်စပ်ဝင်ထွက်ဂိတ်များမှ ဝင်ရောက်လာသည့် ခရီးသွားများတွင် အောက်ပါစာရွက်စာတမ်း/ အထောက်အထားများ တင်ပြရမည်-

(က) ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် အောက်ပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် တစ်မျိုးမျိုးကို မြန်မာနိုင်ငံသို့ ဆိုက်ရောက်သည့်နေ့ရက် မတိုင်မီ လွန်ခဲ့သော (၁၄) ရက်ကျော်က အကြိမ်ပြည့်ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်-

- CoronaVac (Sinovac Biotech Ltd.)၊
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))၊
- Pfizer– BioNTech COVID–19 Vaccine or Comirnaty (Pfizer Inc., & BioNTech)၊
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)၊
- Moderna (ModernaTX, Inc.)၊
- Sinopharm or COVILO or BIBP–CorV (Beijing Institute of Biological Products Co., Ltd)၊
- Sputnik V (Gam–COVID–Vac) (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech၊
- Myancopharm by Ministry of Industry, Myanmar
- Nuvaxovid (NVX–CoV2373) vaccine, Novavax Co.Ltd
- Covovax, Serum Institute of India Pvt Ltd

- **CorBEvax$^{TM}$, Biological E Limited**

[အသက် (၁၂) နှစ်အောက် ကလေးများအနေဖြင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားသည့် မိဘ (သို့မဟုတ်) အုပ်ထိန်းသူနှင့်အတူ ခရီးသွားခြင်းဖြစ်ပါက ဤသတ်မှတ်ချက်မှ ကင်းလွတ်ခွင့်ပြုသည်။ သက်သေခံလက်မှတ်တွင် ကာကွယ်ဆေးအမည်၊ ထိုးနှံသည့်နိုင်ငံနှင့်ရက်စွဲများကို ခရီးသွား၏ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့်အတူအင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာဖြင့် ဖြစ်စေ၊ နှစ်မျိုးစလုံးဖြင့် ဖြစ်စေ ရှင်းလင်းတိကျစွာ ဖော်ပြရမည်။]

(ခ) နိုင်ငံခြားသားခရီးသွားများအတွက် မြန်မာ့အာမခံလုပ်ငန်းထံမှ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အာမခံဝယ်ယူထားကြောင်း အထောက်အထား။

(အသေးစိတ်ကို မြန်မာ့အာမခံလုပ်ငန်း website Myanma Insurance (mminsurance.gov.mm) တွင် လေ့လာနိုင်ပါသည်။ နိုင်ငံခြားသားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံခြားသား ဝန်ထမ်းများနှင့် မိသားစုဝင်များသည် သက်ဆိုင်ရာနိုင်ငံမှ ဝယ်ယူထားသော ကျန်းမာရေးအာမခံအား တင်ပြရမည်။)

၂။ ခရီးသွားများအနေဖြင့် စာပိုဒ် ၁ တွင် ဖော်ပြထားသည့် စာရွက်စာတမ်း/အထောက်အထား အသီးသီး၏ မိတ္တူတစ်စုံစီကို မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် နယ်စပ်ဂိတ်များတွင် သက်ဆိုင်ရာ လေဆိပ်ရှိ ကျန်းမာရေးအရာရှိများကိုလည်းကောင်း ပြသရမည်။

၃။ ခရီးသွားများအနေဖြင့် ကျန်းမာရေးကြေညာချက် (Health Declaration Form) ကို မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် နယ်စပ်ဂိတ်များရှိ ကျန်းမာရေးအရာရှိများထံသို့ တင်ပြရမည်။

[ကျန်းမာရေးကြေညာချက်တွင် မည်သည့်အချက်အလက်ကိုမဆို မှန်ကန်စွာ ဖြည့်စွက်ခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်ပါမည်။]

၄။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် နယ်စပ်ဂိတ်များတွင် သက်ဆိုင်ရာ ကျန်းမာရေးအရာရှိများကဆောင်ရွက်သော ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သောကျန်းမာရေး စစ်ဆေးခြင်းတို့ကို ခံယူရမည်။

၅။ ခရီးသွားများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် နယ်စပ်ဝင်ထွက်ဂိတ်တာဝန်ရှိသူများမှ သတ်မှတ် ထားသော နေရာတွင် COVID-19 Antigen Rapid Diagnostic Test (RDT) နည်းဖြင့် ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းကို ခံယူရမည်ဖြစ်ပြီး ကုန်ကျစရိတ်အဖြစ် ခရီးသည်တစ်ဦးလျှင် မြန်မာကျပ် (၁၅,၀၀၀) မိမိအစီအစဉ်ဖြင့် ကျခံရမည်။

၆။ ကိုဗစ်-၁၉ RDT ဓာတ်ခွဲအဖြေတွင် ရောဂါပိုး မတွေ့ရှိပါက ကိုဗစ်-၁၉ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသည့် ခရီးသွားများအနေဖြင့် မိမိတို့၏ ခရီးစဉ်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါသည်။

(ပုံမှန်အားဖြင့် ဓာတ်ခွဲအဖြေကို နှာခေါင်းတို့ဖတ်ရယူပြီး (၁) နာရီအတွင်း ကျန်းမာရေးဌာနက ခရီးသည်အား ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။)

၇။ သို့ရာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်ပြည့်မထိုးနှံထားသူများနှင့် ကာကွယ်ဆေးထိုး လက်မှတ်အထောက်အထား မတင်ပြနိုင်သူများအနေဖြင့် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်မည်ဖြစ်ပြီး RT-PCR ဖြင့် ကိုဗစ်-၁၉ စစ်ဆေးခြင်းအား (၃)ရက်မြောက်နေ့တွင် ဆောင်ရွက်၍ စစ်ဆေးသည့်ဓာတ်ခွဲအဖြေတွင် ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိပါက မိမိတို့လာရောက်သည့်ကိစ္စများအား ဆောင်ရွက်နိုင်ပါသည်။ နိုင်ငံခြားသားခရီးသည်များအနေဖြင့် ဓာတ်ခွဲစစ်ဆေးမှုကုန်ကျစရိတ်များအား ခရီးသည်မှ ကျခံရမည်ဖြစ်ပါသည်။ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတကာဝန်ထမ်းများနှင့် မိသားစုဝင်များအား Home Quarantine ခွင့်ပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရာတွင် ရောဂါပိုး မတွေ့ရှိရသော်လည်း မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက ခရီးသွားများအနေဖြင့် မိမိတို့ရောက်ရှိရာဒေသရှိ ကျန်းမာရေးဌာနသို့ သတင်းပေးပို့ရမည်။

၉။ ဓာတ်ခွဲစစ်ဆေးစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါရှိကြောင်း တွေ့ရှိလျှင် သို့မဟုတ် ခရီးသွားများတွင် ကိုယ်အပူချိန်မြင့်တက်ခြင်း အပါအဝင် ကိုဗစ်-၁၉ ရောဂါလက္ခဏာများ တွေ့ရှိ လျှင် ၎င်းတို့ကို ကျန်းမာရေးအစီအမံများနှင့်အညီ ချက်ချင်းသီးခြားထားရှိမည်ဖြစ်ပြီး ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာ (သို့မဟုတ်) ဟိုတယ်သို့ လွှဲပြောင်းပို့ဆောင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကုသရေးလုပ်ငန်းလမ်းညွှန်များအတိုင်း ကုသမှု ခံယူရမည်။

၁၀။ ခရီးသွားများအနေဖြင့် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာခြင်းမပြုမီ ၎င်းတို့ သွားရောက်မည့် (သို့မဟုတ်) ခရီးတစ်ထောက်ရပ်နားမည့် နိုင်ငံများ၏ လိုအပ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်လိုပါက ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဓာတ်ခွဲခန်းများတွင် မိမိစရိတ်ဖြင့် ဆောင်ရွက်နိုင်သည်။

၁၁။ ခရီးသည်များအနေဖြင့် နယ်စပ်ဝင်ထွက်ဂိတ်တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကျန်းမာရေး ဌာန၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာရမည်ဖြစ်ပြီးနှင့် လိုက်နာရန်ပျက်ကွက်ပါက ဥပဒေ အရအရေးယူ ဆောင်ရွက်သွားမည်။

၁၂။ နိုင်ငံခြားသားခရီးသွားများအနေဖြင့် မိမိတို့၏ ဗီဇာလိုအပ်ချက်/ကင်းလွတ်ခွင့်များနှင့် အခြား ဗီဇာဆိုင်ရာကိစ္စရပ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန **website** (https://evisa.moip. gov.mm) တွင် ကြည့်ရှုနိုင်သည်။

၁၃။ ဤသတ်မှတ်ချက်များသည် အချိန်နှင့်တပြေးညီ ပြောင်းလဲမှုရှိနိုင်ပါသည်။

၁၄။ ဤသတ်မှတ်ချက်များသည် ၁၅-၆-၂၀၂၂ ရက်နေ့၊ မြန်မာစံတော်ချိန် ၀၀:၀၀ နာရီမှစတင် သက်ဝင်မည်ဖြစ်ပြီး "နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ခရီးသွား များအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များ (၁-၅-၂၀၂၂)" ကို အစားထိုးမည် ဖြစ်ပါသည်။

## PUBLIC HEALTH REQUIREMENTS FOR TRAVELERS

## ENTERING MYANMAR THROUGH Cross Border Point of Entry (15-6-2022)

1. Travelers shall have the following documents:

(a) a COVID 19 vaccination certificate showing that they were fully vaccinated, at least 14 days before arrival to Myanmar, with one of the following vaccines which has been approved by the Ministry of Health (MOH)-

- CoronaVac (Sinovac Biotech Ltd.);
- AstraZeneca or Covishield (AstraZeneca & University of Oxford/SK Bioscience (Korea)/Siam BioScience/ Serum Institute of India (SII));
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc., & BioNTech);
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson);
- Moderna (ModernaTX, Inc.,);
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co., Ltd);
- Sputnik V (Gam-COVID-Vac) (Gamaleya National Research Centre of Epidemiology and Microbiology);
- Sputnik Light (Gamaleya National Research Centre of Epidemiology and Microbiology)၊
- Covaxin by Bharat Biotech; and
- Myancopharm by Ministry of Industry, Myanmar.
- Nuvaxovid (NVX-CoV2373) vaccine, Novavax Co.Ltd
- Covovax, Serum Institute of India Pvt Ltd
- CorBEvax™, Biological E Limited

*(Children under 12 years old are exempted from this requirement, if they travel with fully vaccinated parent(s) or guardian(s). The country, name and date(s) of vaccination must be*

MOFA | MMRS v1.0.0 | Printed By : ON 16/06/2022 10:05:55

*clearly stated in English and/or Myanmar, with the particulars of the travelers according to their passport.)*

(b) (For travelers who are foreigners) a COVID-19 medical insurance purchased from Myanma Insurance.

*(Detailed information can be obtained at the Myanma Insurance's website Myanma Insurance (mminsurance.gov.mm). Diplomats, UN officials and their families can submit the health insurance from their respective country)*

2. Travelers shall present a printed copy of each document mentioned in the paragraph 1 to the respective cross border POEs health authorities upon arrival to Myanmar.

3. Travelers shall submit a Health Declaration Form to the respective cross border health authorities upon arrival to Myanmar.

*(A legal action will be taken against a traveler, if he or she provides any incorrect information in the Health Declaration Form.)*

4. Travelers shall be subject to a thermal screening to be conducted by the respective cross border POEs health authorities, upon arrival to Myanmar.

5. Travelers shall be tested by RDT on COVID-19 at MOH and cross border POEs authorities approved COVID-19 Rapid Diagnostics Test (RDT) testing counters at their own costs. Travelers will be charged 15,000 MMK for testing.

6. COVID-19 fully vaccinated travelers may leave the cross border POEs after receiving their test results showing negative for COVID-19 from the respective health authorities.

*(The test results will take approximately one hour to be conveyed by the respective health authorities.)*

7. However, travelers with unvaccinated/incomplete COVID-19 vaccination status or passengers who cannot present valid COVID-19 vaccination certificate will be quarantine and will be tested for COVID-19 by RT-PCR on Day-3 during quarantine period. If the negative result from RT-PCR on Day-3, the travelers will be allowed to leave from quarantine. The foreigners shall

MOFA | MMRS v1.0.0 | Printed By : ON 16/06/2022 10:05:55

bear the cost of quarantine and testing. Diplomats, international staff from UN and their families will be allowed for home quarantine.

8. Travelers shall report to the respective health authorities, if they have developed signs and symptoms of COVID-19 during their stay in Myanmar.

*(Contact details of the respective health authorities can be obtained from the designated hotels.)*

9. Travelers shall be immediately isolated and taken to a medical facility or treatment center or hotel designated by the MOH as per health protocols, if they are tested positive for COVID-19 during the testing or they are found to be symptomatic of COVID-19.

10. Before departure from Myanmar, travelers may take COVID-19 tests, as required by the countries they will travel to and transit through, at laboratories designated by the MOH, at their own cost.

11. The travelers shall strictly follow the instructions made by the respective health authorities and cross border POEs authorities. A legal action will be taken against the traveler concerned, if there is a breach of COVID-19 control regulations.

12. Foreigners shall access the website of Ministry of Immigration and Population (https://evisa.moip.gov.mm) for their visa requirements or exemptions and other visa-related matters.

13. These requirements are subject to changes.

14. These requirements shall take effect from 15 June 2022 0000 hours Myanmar Standard Time, and supersede the Public Health Requirements for Travelers Who Wish to Enter Into Myanmar Through Cross Border POEs (1-5-2022).